PeaceNexus Foundation

# မြန်မာနှင့် အရှေ့တောင်အာရှနိုင်ငံတွင်းရှိ ရုရှား၏ မူဝါဒ

သုတေသနစာစောင်



မတ်လ ၂၀၂၂

# အကျဉ်းချုပ်

လွန်ခဲ့သည့်တစ်နှစ်အကြာ၊ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်နေ့တွင် မြန်မာစစ်ကောင်စီက မြန်မာနိုင်ငံတွင် စစ်အာဏာသိမ်းမှုတစ်ရပ်ကို ကြိုးပမ်းခဲ့ပါသည်။ အာဏာသိမ်းကြိုးပမ်းမှုကို တုန့်ပြန်သည့် အနေဖြင့် အနောက်နိုင်ငံများက မြန်မာနိုင်ငံမှ ဆုတ်ခွာခဲ့ကြပြီး၊ စစ်အစိုးရအား မိတ်ဆွေနိုင်ငံ အနည်းငယ်ဖြင့်သာ ကျန်ရစ်စေခဲ့သည်။ ရုရှားနိုင်ငံက ယင်းမိတ်ဆွေအနည်းငယ်မှ တစ်နိုင်ငံဖြစ်ပြီး၊ မြန်မာနိုင်ငံ၏ အရေးပါသော ဒေသတွင်းပြင်ပ မိတ်ဖက်နိုင်ငံအဖြစ် ပေါ်ထွက်လာခဲ့ပါသည်။ ရုရှားနိုင်ငံသည် စစ်ကောင်စီအပေါ် ဩဇာလွှမ်းမိုးနိုင်စွမ်းရှိပြီး၊ အရှေ့တောင်အာရှတွင် ထင်ပေါ်သည့် အခန်းကဏ္ဍတစ်ရပ် ရှိပါသည်။ မြန်မာ့အရေးတွင် ၎င်းတို့၏ ပါဝင်ပတ်သက်မှုသည် ဆိုဗီယက် သမိုင်းအမွေကို ဆက်ခံခြင်းထက်၊ ဆိုဗီယက်ပြည်ထောင်စုပြိုကွဲပြီးနောက်ပိုင်း ရုရှားနိုင်ငံက အတွေးအခေါ် အခြေမပြုသည့် အကျိုးအမြတ်အတွက်နှင့် စစ်ဘက်ဆိုင်ရာဆက်နွယ်မှုများ စတင်ဆောင်ရွက် လာသည့် မော်ဒန်ခေတ်၏ ထုတ်ကုန်တစ်ခုသာ ဖြစ်ပါသည်။ ရုရှားနိုင်ငံ၏ မြန်မာစစ်တပ်နှင့် ပူးပေါင်းဆောင်ရွက်မှုသည် ၁၉၉၀ ခုနှစ်များမှစ၍ စစ်လက်နက်များနှင့် စစ်ဘက်ပစ္စည်းများ ရောင်းချမှုများမှတဆင့် မြန်မာစစ်ဘက်အရာရှိကြီးများအတွက် ပညာရေးကဲ့သို့သော လူသား အရင်းအမြစ်အပေါ် ရင်းနှီးမြှုပ်နှံမှုဆီသို့တဆင့်ခြင်း ပုံမှန်တိုးမြင့်လာခဲ့ပါသည်။ ရုရှားစစ်တပ်သည် ရုရှားနိုင်ငံသံခင်းတမန်ခင်းအတွက် ရှေ့တန်းမျက်နှာအဖြစ် ရှိခဲ့ပြီး၊ မြန်မာစစ်ခေါင်းဆောင်များနှင့် ယုံကြည်ရသောဆက်ဆံရေးများကိုလည်း တည်ဆောက်နိုင်ခဲ့ပြီး ဖြစ်ပါသည်။ ရုရှားနိုင်ငံ၏ လွှမ်းမိုးမှု အာဏာအပျော့ထည်ကို မြန်မာစစ်အစိုးရနှင့် တူညီသောကမ္ဘာ့အမြင်၊ ဗဟိုချုပ်ကိုင်သည့်နိုင်ငံ တစ်ခု၏ တန်ဖိုးအပေါ် ယုံကြည်မှု၊ ထို့အပြင် သမိုင်းကြောင်းနှင့် ယဉ်ကျေးမှုဆိုင်ရာ တူညီမှုများအပေါ် အခြေခံ ထားပါသည်။ (ဗုဒ္ဓဘာသာကိုးကွယ်ယုံကြည်မှုသည် ရုရှားနိုင်ငံ၏ အစဉ်အလာ ဘာသာတရားများမှ တစ်ခုဖြစ်ပါသည်)။ ထိုအခြင်းအရာများက အာဏာသိမ်းမှုကို လက်ဦးမှုရယူခဲ့သည့် လက်ရှိ မြန်မာစစ်တပ်ထိပ်ပိုင်းအရာရှိကြီးများနှင့် ဆက်ဆံရေးကို ချောမွေ့စေခဲ့ပါသည်။ ဒေသတွင်းနိုင်ငံများနှင့် မတူသည့်အချက်မှာ ရုရှားနိုင်ငံသည် စစ်တပ်အား စိန်ခေါ်ခဲ့သည့် ပြည်တွင်း အတိုက်အခံများအား ထောက်ပံ့ခြင်းမျိုးကဲ့သို့သော မြန်မာစစ်အစိုးရနှင့် သမိုင်းဆိုင်ရာ ဝန်ထုပ်ဝန်ပိုး ရှိမနေခြင်း ဖြစ်ပါသည်။ ယင်းအချက်သည် ရုရှားအတွက် အရေးသာမှုကို ဖြစ်စေခဲ့ပါသည်။

၂၀၂၁ ခုနှစ်တွင် မြန်မာနိုင်ငံက ဒေသတွင်း ရုရှားနိုင်ငံ၏ အနီးဆုံးမိတ်ဖက်စက်ဝိုင်းအတွင်း ဝင်ရောက်ခဲ့ပါသည်။ မြန်မာ့အရေးတွင် အနောက်နိုင်ငံများနှင့် တဖက်တည်းနေဖို့ ငြင်းဆန်မှုမှာ ရုရှား ပထဝီနိုင်ငံရေးက အဓိက အခန်းကဏ္ဍက ပါဝင်ခဲ့ပြီး၊ ၂၀၀၇ ခုနှစ်နှင့် ၂၀၁၇ ခုနှစ်တို့တွင် ၎င်းတို့ လုပ်ဆောင်ပေးခဲ့သလို ကုလသမဂ္ဂလုံခြုံရေးကောင်စီတွင် ၎င်းတို့၏အမြဲတမ်းအဖွဲ့ဝင်ထိုင်ခုံကို အသုံးပြုပြီး မြန်မာစစ်အစိုးရအား နိုင်ငံတကာဖိအားမှ ကာကွယ်ပေးခဲ့ပါသည်။ သို့ရာတွင် ၎င်းတို့အနေဖြင့် အာဏာသိမ်းမှုနောက်ပိုင်း မူဝါဒအသစ်တစ်ရပ်ကို ဖန်တီးခဲ့ခြင်းမရှိဘဲ၊ တည်ရှိဆဲ မူဝါဒအပေါ် တည်ဆောက်ခဲ့ကာ၊ ထွက်ပေါ်လာသည့် အခွင့်အရေးကို ဖမ်းယူခဲ့ခြင်း ဖြစ်ပါသည်။ စစ်ဘက်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး၊ နိုင်ငံရေးဆိုင်ရာ

ထိတွေ့ဆက်ဆံမှုနှင့် နိုင်ငံတကာ ရေးရာများတွင် ရုရှား၏ရပ်တည်မှုတို့သည် မော်စကို၏ ပထမအဆင့် လက်နက်ကိရိယာများ ဖြစ်ကြပြီး၊ စီးပွားရေးဆိုင်ရာ စဉ်းစားချက်များသည် ဒုတိယအဆင့်အခန်းကဏ္ဍတွင် ပါဝင်ပါသည်။ ယင်းသည် မြန်မာစစ်တပ် အတွက် နိုင်ငံတကာ ဖယ်ကျဉ်မှုကို သက်သာရာရစေရန် အခွင့်အရေးများကို ပေးအပ်ပြီး၊ ၎င်းတို့၏ ဇာတ်ကြောင်းဖြစ်သော တိုင်းပြည်ကယ်တင်ရှင်အဖြစ် ယုံကြည်မှုနှင့် တရားဝင်မှုရရှိစေရေး လှုံ့ဆော်ရန် နိုင်ငံရေးနောက်ခံပေးမှုတစ်ရပ်ကို ရရှိစေခဲ့ပါသည်။ လေကြောင်းနှင့် ရေကြောင်းကာကွယ်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး ကြီးထွားလာခဲ့ပါသည်။ မြန်မာက ရုရှားစစ်လက်နက်များကို ပိုမိုဝယ်ယူလာခဲ့ပြီး၊ ရုရှားရေတပ်နှင့် ထိတွေ့ဆက်ဆံမှုများ ပိုမို သိသာများပြားလာပါသည်။ အနောက်နိုင်ငံစီးပွားရေးလုပ်ငန်းများ နိုင်ငံမှ ထွက်ခွာသွားသည်ဖြစ်ရာ မြန်မာစစ်ခေါင်းဆောင်များက နည်းပညာနှင့် ရင်းနှီးမြှုပ်နှံမှုများ ပိုမိုယူဆောင်လာမည့် မိတ်ဖက် ဆောင်ရွက်မှုအသစ်များကို ဖော်ဆောင်ဖို့ စိတ်ဝင်စားလာပါသည်။ ရုရှားကုမ္ပဏီများကို ကြိုဆိုပြီး၊ ရေရှည်ပူးပေါင်းဆောင်ရွက်မှုအစီအစဉ်များကို ဆွေးနွေးကြပါသည်။ ရုရှားဘက်တွင်မူ ၎င်းတို့၏ မူဝါဒပန်းတိုင်သည် အရှေ့တောင်အာရှတွင် ၎င်းတို့၏ ဩဇာလွှမ်းမိုးမှုကို တိုးချဲ့ခြင်းအတွက် စတင် တွန်းအားဖြစ်ရာနေရာအဖြစ် အသုံးပြုနိုင်ရန် မြန်မာနိုင်ငံအား ၎င်းတို့၏ တင်းပြည့်ကျမ်းပြည့် မဟာဗျူဟာမိတ်ဖက်အဖြစ် ဖော်ဆောင်ရေး ဖြစ်ပါသည်။ ထိုရည်မှန်းချက် အောင်မြင်မှုသည် စစ်အစိုးရ အာဏာဆက်လက်တည်မြဲရေး၊ ထို့အပြင် ဖြစ်နိုင်ခြေအားဖြင့် ရုရှားနိုင်ငံ၏ ရှိခဲ့ပြီးသော တည်ရှိမှုကို အာမခံနိုင်မည့် အရပ်သားအုပ်ချုပ်ရေးသို့ ကူးပြောင်းမှုတို့အပေါ်တွင် မူတည်ပါသည်။ လက်ရှိအချိန်အထိ ရုရှားနိုင်ငံသည် ဩဇာလွှမ်းမိုးနိုင်သူနိုင်ငံမဟုတ်သော်လည်း အရေးပါသည့် နိုင်ငံ ဖြစ်လာဖွယ်ရှိပြီး၊ မြန်မာစစ်တပ်အနေဖြင့် ၎င်းတို့၏ ကိုယ်ပိုင်ယုတ္တိဗေဒနောက်သာ လိုက်လိမ့်မည် ဖြစ်ကာ၊ ၎င်းတို့အတွက် ယုတ္တိကျမည့်ထင်သည့် ရွေးချယ်မှုများကို ပြုလုပ်လိမ့်မည် ဖြစ်ပါသည်။ မြန်မာနိုင်ငံရှိ အကျပ်အတည်းသည် ရုရှားနိုင်ငံအတွက် အရှေ့တောင်အာရှတွင် ၎င်းတို့၏ ထိတွေ့ ဆက်ဆံမှုကို နောက်တဆင့်မြှင့်တင်ရန် အခွင့်အရေးတစ်ရပ်ကို ပေးအပ်ပါသည်။ အရှေ့တောင် အာရှတွင် ရုရှားနိုင်ငံ၏ သံခင်းတမန်ခင်းသည် ၎င်းတို့၏ ဗီယက်နမ်နိုင်ငံကဲ့သို့ မိတ်ဖက်ဟောင်းများနှင့် မိတ်ဖက်သစ်များ (ထိုင်း၊ မလေးရှား) တို့နှင့် ဆက်နွှယ်မှုများကို အခြေခံပြီး တိုးတက်မှုများ ရှိနေပါသည်။ ရုရှားနိုင်ငံသည် “အာရှဗဟိုပြု” မူဝါဒတစ်ရပ်ကို ၂၀၀၁ ခုနှစ်တွင် ကျင့်သုံးခဲ့ပြီး၊ ယင်းအချိန် မှစ၍ ဒေသတွင်း ၎င်းတို့၏ နိုင်ငံရေးဆိုင်ရာ ဆက်ဆံရေးများကို တဖြည်းဖြည်းချင်း တည်ဆောက် လာခဲ့ပါသည်။ ဆိုဗီယက်ယူနီယံတွင် ရန်သူအဖွဲ့အစည်းအဖြစ် သတ်မှတ်ခဲ့သော အာဆီယံသည် ရုရှားနိုင်ငံ၏ ထိတွေ့ဆက်ဆံရန် ဇာတ်ကောင်တစ်ကောင် ဖြစ်လာခဲ့ပါသည်။ မြန်မာနိုင်ငံ အကျပ် အတည်းက ရုရှားနိုင်ငံ၏ အခန်းကဏ္ဍကို ပိုပြီးဆီလျော်သက်ဆိုင်လာစေပါသည်။ ဒဏ်ခတ်အရေးယူမှု များနှင့် ပိတ်ဆို့မှုများထက် သက်ဆိုင်သူအားလုံးကြား ဆွေးနွေးမှုများက တင်းမာမှုများကို ဖြေရှင်းရာတွင် ပိုမိုကောင်းမွန်သည့် နည်းလမ်းတစ်ရပ်အဖြစ် ယုံကြည်ပြီး ဆွေးနွေးမှုများ ဖြစ်ပေါ်ရန် အာဆီယံ၏ ကြိုးပမ်းအားထုတ်မှုကို ရုရှားနိုင်ငံက အပြည့်အဝထောက်ခံပါသည်။ တရုတ်နိုင်ငံသည် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနယ်ပယ်တွင် များစွာသော လွှမ်မိုးနိုင်သည့်ကိရိယာများ ရှိနေပြီး၊ ရုရှား နိုင်ငံ၏ လွှမ်းမိုးနိုင်သည့်ကိရိယာများမှာ စစ်ရေး-နိုင်ငံရေးဆိုင်ရာနယ်ပယ်များတွင် ဖြစ်ပါသည်။ အဆိုပါအင်အားကြီးနိုင်ငံများအနေဖြင့် အထူးသဖြင့် ထိုကဲ့သို့ ၎င်းတို့၏ နှိုင်းယှဉ်အားသာချက်များ လိုက်ဖက်ညီနေသည့်အခြေအနေတွင်

ယှဉ်ပြိုင်ခြင်းထက် ၎င်းတို့၏ အကျိုးစီးပွားများ အဆင်ပြေ သင့်မြတ်စေရန် စွမ်းဆောင်နိုင်စွမ်းရှိကြပါသည်။ ပထဝီနိုင်ငံရေးဆိုင်ရာသဘောထား ရှုမြင်ချက် တူညီခြင်းက ဆက်ဆံရေးကို ခိုင်မာစေပြီး၊ မြန်မာ့အရေးတွင် အနောက်နိုင်ငံများ၏ ဝေဖန်ရပ်တည်မှု အားလုံးက ၎င်းတို့အား ၎င်းတို့၏ လမ်းကြောင်းအတိုင်း ဆက်လက်လျှောက်လှမ်းရန် စိတ်ပိုင်းဖြတ်မှုကိုသာ ထပ်ပေါင်း ဖြစ်စေမည် ဖြစ်ပါသည်။